APIAHF ASIAN & PACIFIC ISLANDER AMERICAN HEALTH FORUM

VACCINATE YOUR FAMILY

# သင့်ကာကွယ်ဆေးများအတွက် ငွေပေးချေမှုလမ်းညွှန်

## သင့်ကလေးများ၏ ကာကွယ်ဆေးများအတွက် ငွေပေးချေခြင်း

ကလေးများအားလုံးသည် ကာကွယ်ဆေးများကို ရရှိထိုးနှံခွင့်ရှိပါသည်။ အကျုံးဝင်ပါက ဟာဝေယံ ဒေသခံတိုင်းရင်းသားများ ကျန်းမာရေး စင်တာများနှင့် အင်ဒီးယန်း ကျန်းမာရေး ဝန်ဆောင်မှုဌာန (IHS) သည် ရောဂါ ကာကွယ်တားဆီးရေး ဝန်ဆောင်မှုများကို ပံ့ပိုးပေးပါသည်။ CDC ၏ အကြံပြုထားသည့် ကာကွယ်ဆေးများနှင့် ကလေးများအတွက် ကာကွယ်ဆေးများ (VFC) အစီအစဉ်ပံ့ပိုးသူမှ ပြည်ထောင်စု အရည်အသွေးပြည့် ကျန်းမာရေးစင်တာများ (FQHC များ) သို့မဟုတ် ကျေးလက် ကျန်းမာရေးဆေးခန်းများ (RCH များ) တွင် စီစဉ်ထိုးနှံပေးသည့် COVID-19 ကာကွယ်ဆေးသည် အခမဲ့ဖြစ်သော်လည်း သင့်ဆရာဝန်သည် လာရောက်ပြသမှုအတွက် အခြားစရိတ်များကို ငွေကြေးကောက်ခံနိုင်ပါသည်။[1] CDC မှ ပုံမှန်အားဖြင့် အကြံပြုထားသည့် ကလေးများအတွက် ကာကွယ်ဆေးများမှာ အခမဲ့ဖြစ်ပါသည်။*

*သင့်ကျန်းမာရေး အာမခံအတွက် အကျုံးဝင်စေရန် တုပ်ကွေးနှင့် အခြားရောဂါ ကာကွယ်ဆေးများကို ရာခိုင်နှုန်းအလိုက် စရိတ်မျှပေးစနစ် သို့မဟုတ် ခွဲဝေစရိတ်မျှပေးချေမှုမပါဘဲ ထိုးနှံရန် လိုအပ်ပါသည်။[2] သင့်အနေဖြင့် VFC ကာကွယ်ဆေးများအတွက် စီစဉ်လုပ်ဆောင်ခကို ပေးချေနိုင်ခြင်းမရှိပါက သင်သည် ငွေပေးချေနိုင်ခြင်းမရှိကြောင်းနှင့် သင့်အား မကောက်ခံစေလိုကြောင်း ပြောဆိုနိုင်သည်။

## လူကြီးများ၏ ကာကွယ်ဆေးများအတွက် ငွေပေးချေခြင်း

- **ပုဂ္ဂလိက ကျန်းမာရေး အာမခံ**
    - အကြံပြုထားသည့် ကာကွယ်ဆေးများကို သင့်ထံမှ ကောက်ခံခြင်းမရှိဘဲ သင့်အာမခံ ကုမ္ပဏီမှ ဥပဒေအရ ပံ့ပိုးပေးရန် စီစဉ်ရမည်ဖြစ်သည်။ သင့် အာမခံ ကုမ္ပဏီသို့ ဆက်သွယ်ပြီး သင့်အတွက် ကာကွယ်ဆေးများကို - သင့်ဆရာဝန်၏ ဆေးခန်းတွင်ဖြစ်စေ သီးသန့် ဆေးဝါးဌာနတစ်ခုခုတွင်ဖြစ်စေ - မည်သည့်နေရာတွင် အခမဲ့ရရှိနိုင်ကြောင်း သိရှိနိုင်ရန် မေးမြန်းပါ။
- **Medicaid**
    - ပြည်နယ်အစိုးရများ၏ Medicaid စီမံချက်များတွင်လူကြီးများအတွက် အချို့ကာကွယ်ဆေးထိုးနှံမှုများကို ထည့်သွင်းထားသော်လည်း အချို့သည် CDC မှ အကြံပြုထားသည့် ကာကွယ်ဆေးများအားလုံးအတွက် အခမဲ့ ပေးကမ်းမည်မဟုတ်ပါ။
    - သင့်ပြည်နယ်၏ Medicaid အဖွဲ့အစည်းကို ဆက်သွယ်ပြီး သင်လိုအပ်သည့် ကာကွယ်ဆေး(များ)သည် အခမဲ့ဖြစ်မဖြစ်နှင့် သင်သည် ရာခိုင်နှုန်းအလိုက် စရိတ်မျှပေးမှု၊ ခွဲဝေစရိတ်မျှပေးချေမှု၊ သို့မဟုတ် ကာကွယ်ဆေး စီစဉ်လုပ်ဆောင်မှုအတွက် ဝန်ဆောင်ခ (ထိုးနှံပေးသည့် ဆေးတစ်လုံးစာအတွက် ဝန်ဆောင်ခကို ဆိုလိုသည်) တို့ကိုလည်း ပေးချေရမည် ဟုတ်မဟုတ် သိရှိနိုင်ရန် ကြိုးစားပါ။ ကာကွယ်ဆေးများကို အချို့သော ဆရာဝန်၊ ဆေးဝါးပညာရှင်၊ သို့မဟုတ် အခြား ကျန်းမာရေး စောင့်ရှောက်မှုပံ့ပိုးသူတို့က ပြုလုပ်ပေးမည် ဟုတ်မဟုတ် ၎င်းတို့ထံ မေးမြန်းပါ။
- **Medicare**
    - Medicare သည် တုပ်ကွေးနှင့် နျူမိုကိုကယ်လ် ကာကွယ်ဆေးများကို အပိုင်း B (ဆေးဘက်ဆိုင်ရာ အာမခံ) အရ အခမဲ့ ပံ့ပိုးပါသည်။
    - Medicare အပိုင်း D စီမံချက်များသည် လူနာများအတွက် အရေအတွက် အနည်းငယ်မျှကို အခမဲ့ ပံ့ပိုးပါသည်။ အချက်အလက်များ ပိုမိုသိရှိလိုပါက သင့် အပိုင်း D စီမံချက် ပံ့ပိုးသူအား ခေါ်ဆိုဆက်သွယ်ပါ။
- **ကျန်းမာရေး အာမခံမရှိသူ**
    - သင်သည် ကာကွယ်ဆေးများနှင့် ရုံးအတွက် စရိတ်မျှပေးမှု၊ ခွဲဝေစရိတ်မျှပေးချေမှု၊ နှင့်/သို့မဟုတ် ဆရာဝန်၏ဆေးခန်း၊ ကျန်းမာရေးဆေးခန်း၊ သို့မဟုတ် ဆေးဝါးဌာနတွင် ကာကွယ်ဆေး စီစဉ်လုပ်ဆောင်မှု ဝန်ဆောင်ခ (ထိုးနှံသည့် ဆေးတစ်လုံးစီအတွက် ဝန်ဆောင်ခကို ဆိုလိုသည်) ကဲ့သို့ မည်သည့် ဆက်စပ်ဝန်ဆောင်ခများအတွက်မဆို ကုန်ကျစရိတ်ကို အပြည့်အဝ ပေးချေရနိုင်ခြေ အများဆုံးရှိမည်ဖြစ်ပါသည်။

## ကျွန်ုပ်အနေဖြင့် ကာကွယ်ဆေးဖိုးများကို မပေးဆောင်နိုင်လျှင် မည်သို့ဖြစ်မည်နည်း။

- သင့်အနေဖြင့် သင်လိုအပ်သည့် ကာကွယ်ဆေးများကို သင့်ပြည်နယ် သို့မဟုတ် ဒေသ ကျန်းမာရေးဌာနကို ဆက်သွယ်ပြီး ၎င်းတို့တွင် လူကြီးများအတွက် အခမဲ့ သို့မဟုတ် တန်ဖိုးနည်းစရိတ်ဖြင့် ကာကွယ်ဆေးများကို ပေးကမ်းသော မည်သည့် ပြည်နယ် အစီအစဉ်များရှိမရှိ သိရှိပါသလားဟု မေးမြန်းပါ။ သင်သည် FQHC၊ RHC၊ အင်ဒီးယန်း ကျန်းမာရေးဝန်ဆောင်မှုများစင်တာ၊ သို့မဟုတ် သင့်နယ်မြေအတွင်း ဟာဝေယံ ဒေသခံတိုင်းရင်းသားများ ကျန်းမာရေး စင်တာများကိုလည်း ဆက်သွယ်ပြီး ၎င်းတို့သည် တန်ဖိုးနည်းစရိတ်ဖြင့် ကာကွယ်ဆေးများကို ပေးကမ်းခြင်းရှိမရှိ သိရှိရန် ကြိုးစားပါ၊ သို့မဟုတ် 1-800-CDC-INFO (1-800-232-4636) မှတဆင့် CDC သို့ ဆက်သွယ်ပါ။ ဆေးခန်းများသည် သင့်အား ကာကွယ်ဆေးများ ထိုးပေးနိုင်ရန်အတွက် သင်သည် လူနာအဖြစ် မှတ်ပုံတင်ရန် လိုအပ်နိုင်ပါသည်။

နောက်ထက်အချက်အလက်များအတွက် သွားရောက်ကြည့်ရှုရန်လင့်ခ်

www.aa-nhpihealthresponse.org/ နှင့် www.vaccinateyourfamily.org/questions-about-vaccines/

*This publication was made possible by cooperative agreement CDC-RFA-IP21-2106 from the Centers for Disease Control and Prevention of the U.S. Department of Health and Human Services (HHS). Its contents are solely the responsibility of the authors and do not necessarily represent the official views of CDC/HHS.*

[1] https://www.cdc.gov/vaccines/hcp/vis/vis-statements/flu.html
[2] https://www.hhs.gov/answers/affordable-care-act/will-the-aca-cover-my-flu-shot/index.html